စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ပဲတီစိမ်း

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

(HS- Code 071331)

**Dried, shelled beans of species "Vigna mungo [L.] Hepper or Vigna radiata [L.] Wilczek", whether ...**








August 2025

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT: 080440 Dried, shelled beans of species "Vigna mungo [L.] Hepper or Vigna radiata [L.] Wilczek", whether ...

### နိဒါန်း

၁။ ပဲတီစိမ်းဟူသည် Fabaceae မျိုးရင်းဝင် အပင်မျိုးစိတ်တစ်ခုဖြစ်သည်။ ပဲတီစိမ်းကို အဓိက အားဖြင့် အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် တောင်အာရှတို့တွင် စိုက်ပျိုးကြသည်။ ၎င်းကို အရသာ ရှိသော ဟင်းလျာများနှင့် ချိုမြသော မုန့်များတွင် ပါဝင်ပစ္စည်းအဖြစ် အသုံးပြုကြသည်။ ပဲတီစိမ်းကို ပဲပင်ပေါက်ဖောက်ရန်အတွက် ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။ ပြည်ပသို့တင်ပို့ လျက်ရှိသောပဲများတွင် ပဲတီစိမ်းနှင့် မတ်ပဲတို့မှာ အများဆုံးတင်ပို့သော ပဲအမျိုးအစားများ ဖြစ်ကြ သည်။

### သုတေသနစာတမ်းပြုစုရခြင်းရည်ရွယ်ချက်

၂။ မြန်မာနိုင်ငံတွင် ပဲတီစိမ်းသည် အဓိကအခြေခံစားသုံးသောသီးနှံ၊ တောင်သူများအဓိက စိုက်ပျိုးလေ့ရှိသောသီးနှံ ဖြစ်ခြင်းတို့ကြောင့်လည်းကောင်း၊ ပြည်တွင်းသုံးစွဲမှုအပြင် တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယ စသည့်နိုင်ငံများသို့ တင်ပို့မှုများရှိသည့်အတွက် နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနိုင်ပြီး စီးပွားရေးဈေးကွက်ပိုမိုရရှိစေနိုင်သော သီးနှံဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားကြီးမားသောသီးနှံ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ပြည်ပဝယ်လို အားရှိသော သီးနှံဖြစ်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်သောတောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်စေရန်အတွက်လည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း ပြည်ပပို့ရန် အရည် အသွေးမီသော စိုက်ပျိုးထုတ်လုပ်မှုများ ဖြစ်စေရန်အတွက်လည်းကောင်း၊ ပြည်ပဝယ်လက်များ ပိုမိုကြိုက်နှစ်သက်ပြီး မြန်မာနိုင်ငံမှထွက်ရှိသော ပဲတီစိမ်း၏ ဂုဏ်သတင်း ပိုမိုကောင်းမွန်လာ

စေရန်နှင့် ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရေးအတွက်လည်းကောင်း ရည်ရွယ်၍ ဈေးကွက်သုတေသန စာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။

၃။ ထို့ပြင် ပဲတီစိမ်းတွင် ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်သဖြင့် ကျန်းမာရေး ညီညွတ်ပြီး ပြည်သူများ စားသုံးမှု ကျယ်ပြန့်သောကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံ အနှံ့နေရာ ပေါင်းစုံတွင် စိုက်ပျိုးနိုင်ပြီး ရာသီဥတုပေါ်မူတည်၍ အရည်အသွေး ပိုမိုကောင်းစေနိုင်သော၊ အထွက်နှုန်းပိုမိုကောင်းစေ နိုင်သောသီးနှံအဖြစ် လေ့လာစိုက်ပျိုးနိုင်ခြင်းတို့ကြောင့်လည်းကောင်း၊ အဆိုပါပဲတီစိမ်းအား ချက်ပြုတ်၊ အချဉ်၊ အချို အသင့်စားစသည်ဖြင့် အမျိုးမျိုးထုတ်လုပ်နိုင်ပြီး၊ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်ဖန်တီးနိုင်ခြင်းကြောင့်လည်းကောင်း သုတေသန စာတမ်းပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ပဲတီစိမ်းစိုက်ပျိုးမှု အခြေအနေ

၄။ မြန်မာ့သီးနှံစိုက်ပျိုးမှုအများဆုံး၏ တစ်ခုအပါဝင်ဖြစ်သော ပဲတီစိမ်းသီးနှံသည် အစိုဓာတ် ရရှိနိုင်ပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည့် သီးနှံဖြစ်သည်။ မြန်မာနိုင်ငံတွင်ပဲတီစိမ်းကို အထက် မြန်မာပြည်၊ အောက်မြန်မာပြည်ဒေသနှစ်ခုလုံးတွင် စိုက်ပျိုးကြပြီး အထက်မြန်မာပြည်တွင် မိုးရေသောက်သီးနှံအဖြစ် မိုးဦး၊ မိုးလယ် တွင် သီးသန့် (သို့) ဝါ၊ ပဲစင်းငုံတို့ နှင့်သီးညှပ် စိုက်ပျိုး ကြသည်။ အောက်မြန်မာပြည်တွင် မိုးစပါးအပြီး သီးထပ်စိုက်ပျိုးကြပြီး ရေသွင်းနိုင်သည့်ဒေသ များတွင် မိုးကြိုသီးနှံအဖြစ်စိုက်ပျိုးကြသည်။ ပဲတီစိမ်း အဓိကစိုက်ပျိုးသည့် တိုင်းဒေသကြီးများမှာ အထက်မြန်မာပြည်တွင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်၍ အောက်မြန်မာပြည်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့ဖြစ်ပါသည်။ ပုံမှန်အားဖြင့် အစေ့အစိမ်းရောင်မျိုးများကိုသာ စိုက်ပျိုးလျက်ရှိရာမှ ယခုအခါ အနီ ရောင်မျိုးများကိုလည်း တိုးချဲ့စိုက်ပျိုးလာကြသည်။ မြန်မာနိုင်ငံတွင် ထင်ရှားသောပဲတီစိမ်းမျိုးများ မှာ–ရေဆင်း-၈၊ ရေဆင်း-၁၁၊ ရေဆင်း-၁၄၊ ရေဆင်း-၁၅၊ ခရမ်း ရွှေဝါစသည်တို့ ဖြစ်ကြပြီး ရောင်း ဝယ်ရာတွင် ဒေသအလိုက် ပဲတီစိမ်း၊ ပဲတီရွှေဝါ၊ အညာရွှေဝါ စသည်ဖြင့် ခွဲခြားရောင်းဝယ်ကြသကဲ့

သို့ အစေ့အရွယ်အစားအပေါ်မူတည်၍ လုံးကြီး၊ လုံးလတ်၊ လုံးသေးဟူ၍လည်း ခွဲခြားရောင်းဝယ်ကြသည်။

## ပဲတီစိမ်းစားသုံးခြင်း၏ အာဟာရဓာတ်များနှင့် ကျန်းမာရေးအကျိုးကျေးဇူး

၅။ ပဲတီစိမ်းတွင် ပါဝင်သော အာဟာရဓာတ်များမှာ အမျှင်ဓါတ် ၄.၃၈ %၊ ပရိုတင်း ၁၉.၇၉ %၊ အဆီ ၁.၃၉ %၊ ပြာဓါတ် ၃.၈၃ %၊ ကာဘိုဟိုက်ဒြိတ် ၅၅.၃၉ %၊ ဟိုက်ဒရိုဂျင်စာယင်နိုက် ၂.၉ မီလီဂရမ်/ ၁၀၀ မီလီဂရမ် တို့ပါဝင်ကြသည်။

၆။ ပဲတီစိမ်းစားခြင်းဖြင့် သကြားပမာဏကိုထိန်းညှိပေးနိုင်ခြင်း၊ အမြင်အာရုံကောင်းစေခြင်း၊ အသည်းကိုစောင့်ရှောက်ပေးနိုင်ခြင်း၊ ကိုယ်ခံစွမ်းအားတိုးတက်မြင့်မားစေခြင်း၊ ကင်ဆာရောဂါမဖြစ်နိုင်အောင် ထိန်းချုပ်ပေးနိုင်ခြင်း၊ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ခြင်း၊ သွေးတိုးရောဂါမှ ကာကွယ်ပေးခြင်း၊ အရိုးအားကောင်းစေခြင်း၊ အရွယ်တင်နုပျိုစေခြင်း စသည့်အကျိုးကျေးဇူးများရရှိစေနိုင်ပါသည်။ ထို့ပြင်မျက်နှာအသားအရေကောင်းစေခြင်း၊ဆံသားကို ကောင်းကျိုးပြုခြင်း၊ ဇီဝဖြစ်စဉ်မှန်ကန်စေခြင်း၊ ကိုလက်စထရော ထိန်းညှိပေးခြင်း၊ အစာကြေညက်လွယ်ခြင်း၊ အရိုးအားကောင်းစေခြင်း၊ စိတ်အာရုံခံစွမ်းအား တိုးပွားစေခြင်း၊ ဗိုင်းရပ်ပိုးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

## ပဲတီစိမ်း အသုံးဝင်ပုံ

၇။ မြန်မာနိုင်ငံတွင် ပဲတီစိမ်းအစေ့များကို ချက်ပြုတ်စားသောက်သကဲ့သို့ အပင်ဖောက်၍လည်း ပဲပင်ပေါက်အဖြစ် စားသောက်ဖွယ်ရာမျိုးစုံတွင်လည်း ထည့်သွင်းစားသောက်ကြသည်။ ပဲတီစိမ်းအစေ့ကို သင့်ရုံအပူချိန်ဖြင့် လှော်၍အခွံချွတ်ပြီး အစေ့ခွဲခြမ်းကို အမှုန့်ကြိတ်ကာအထွေထွေစားသောက်ကုန်များ ပြုလုပ်ကြပါသည်။ မြန်မာနိုင်ငံ၏ ပဲကြာဇံနှင့် ပဲမုန့်များကို ပဲတီစိမ်းမှ ပြုလုပ်သုံးစွဲပါသည်။

၈။ ပဲတီစိမ်း အစေ့ (၁) ပေါင် ရေစိမ်၍ အပင်ဖောက်လျှင် ပဲပင် ပေါက် (၆) ပေါင်မှ (၈) ပေါင်အထိရနိုင်ပါသည်။ လေပွခြင်း (Flatulence factor) x (Oligosaccharides, Fattinose Stachy-

oses)တို့ကြောင့် ဖြစ်သည်။ ပဲတီစိမ်းတွင် ယင်းဓာတ်ပါဝင်မှုနည်းသည်ဟုယူဆရသည်။ ထို့ကြောင့် ပဲတီစိမ်းကို စားသောက်သူများတွင် အခြားပဲကို စားသောက်သောအခါ ဖြစ်လေ့ဖြစ်ထရှိသော လေပွခြင်း (ဗိုက်အောင့်ခြင်း) မဖြစ်ဟု သိရှိရပါသည်။


## ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်


## ၂၀၂၄ ခုနှစ်၌ ကမ္ဘာ့ပဲတီစိမ်း အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

**Fig 1: Top 10 World importers in 2024**

| No | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Quantity imported in 2024 | Unit value (USD/unit) | Share in world imports (%) |
| 1 | India | 857486 | 760985 | 1127 | 38.3 |
| 2 | China | 468120 | 596321 | 785 | 20.9 |
| 3 | Viet Nam | 129433 | 186174 | 695 | 5.8 |
| 4 | Indonesia | 96641 | 101622 | 951 | 4.3 |
| 5 | Japan | 83773 | 48859 | 1715 | 3.7 |
| 6 | United States of America | 53983 | 29493 | 1830 | 2.4 |
| 7 | United Arab Emirates | 42107 | 52163 | 807 | 1.9 |
| 8 | Thailand | 41134 | 47938 | 858 | 1.8 |
| 9 | Dominican Republic | 40339 | 29716 | 1357 | 1.8 |
| 10 | Philippines | 39997 | 47933 | 834 | 1.8 |
| | other | 386780 | 397782 | -9985 | 17.3 |
| | World | 2239793 | 2298986 | 974 | 100 |

Source: ITC Trade Map






၉။ ၂၀၂၄ ခုနှစ်တွင် (HS.Code-080440) ပဲတီစိမ်းအား အများဆုံးတင်သွင်းခဲ့သည့် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ အမေရိကန် ပြည်ထောင်စု၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ထိုင်း၊ ဒိုမီနီကန်သမ္မတ၊ ဖိလစ်ပိုင်နိုင်ငံ တို့ဖြစ်ကြသည်ကို ITC Trade Map အရ သိရှိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၈၅၇ ဒသမ ၄၈၆ သန်းရှိပြီး ကမ္ဘာ့ပဲတီစိမ်းဈေးကွက်၏ ဈေးကွက်ဝေစု ၃၈ ဒသမ ၃ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် တရုတ်က ကန်ဒေါ်လာ ၄၆၈ ဒသမ ၁၂၀ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၂၀ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ဗီယက်နမ်က ကန်ဒေါ်လာ ၁၂၉ ဒသမ ၄၃၃ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၅ ဒသမ၈ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ အမေရိကန် ပြည်ထောင်စု၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ထိုင်း၊ ဒိုမီနီကန်သမ္မတ၊ ဖိလစ်ပိုင်နိုင်ငံတို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့ပဲတီစိမ်း တင်သွင်းသည့်နိုင်ငံပေါင်း (၁၇၁) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း (၁၀) နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် အမေရိကန်ပြည်ထောင်စုက ဝယ်ယူသည့် ဈေးမှာ တစ်တန်လျှင် ၁၈၃၀ ဒေါ်လာ

ဖြင့် အမြင့်ဆုံးဖြစ်ပြီး ဂျပန်နိုင်ငံက ဝယ်ယူသည့်ဈေးမှာ တစ်တန်လျှင် ၁၇၁၅ ဒေါ်လာနှင့် ဒုတိယ၊ ဒိုမီနီကန်သမ္မတနိုင်ငံက ဝယ်ယူသည့်ဈေးမှာ တစ်တန် လျှင် ၁၃၅၇ ဒေါ်လာနှင့် တတိယ၊ အိန္ဒိယ ကဝယ်ယူသည့်ဈေးမှာ တစ်တန်လျှင် ၁၁၂၇ ဒေါ်လာနှင့် စတုတ္ထ၊ အင်ဒိုနီးရှားက ဝယ်ယူသည့်ဈေး မှာတစ်တန်လျှင် ၉၅၁ ဒေါ်လာနှင့် ပဉ္စမတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**မြန်မာ့ပဲတီစိမ်း တင်ပို့သည့် ထိပ်တန်းနိုင်ငံများ (၂၀၂၄)**

**Fig 2: List of supplying markets for the product exported by Myanmar in 2024**

| No | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value exported in 2024 (USD thousand) | Share in Myanmar's exports (%) | Quantity exported in 2024 | Unit value (USD/unit) |
| 1 | India | 658326 | 51.6 | 692114 | 951 |
| 2 | China | 239414 | 18.8 | 350111 | 684 |
| 3 | Viet Nam | 95651 | 7.5 | 138191 | 692 |
| 4 | Pakistan | 77278 | 6.1 | 81732 | 946 |
| 5 | Indonesia | 48462 | 3.8 | 68065 | 712 |
| 6 | Singapore | 33397 | 2.6 | 37453 | 892 |
| 7 | Thailand | 20510 | 1.6 | 22191 | 924 |
| 8 | United Arab Emirates | 19180 | 1.5 | 20234 | 948 |
| 9 | Japan | 18790 | 1.5 | 20304 | 925 |
| 10 | Malaysia | 18598 | 1.5 | 20685 | 899 |
| | World | 1275781 | 100 | 1513818 | 843 |

Source: ITC Trade Map

၁၀။ မြန်မာ့ပဲတီစိမ်းအား အများဆုံးတင်ပို့ရောင်းချခဲ့သည့်နိုင်ငံများမှာ ၂၀၂၄ ခုနှစ်တွင် အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ စင်္ကာပူ၊ ထိုင်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဂျပန်၊ မလေးရှားနိုင်ငံသို့ လည်းကောင်းတင်ပို့ရောင်းချခဲ့ကြောင်း ITC Trade Map အရသိရှိရ သည်။

## မြန်မာ့ပဲတီစိမ်းအား ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတင်ပို့မှု

၁၁။ မြန်မာ့ပဲတီစိမ်းများကို ၂၀၁၈ခုနှစ်မှ ၂၀၂၄ခုနှစ်ထိ ကာလအတွင်း ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့တင်ပို့မှုအခြေအနေများအား အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

**Fig 3: ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်း ပြည်ပတင်ပို့မှု (ပုံမှန်နှင့် နယ်စပ်)**

တန်ဖိုး၊ အမေရိကန်ဒေါ်လာ (သန်းပေါင်း)

| စဉ် | ဘဏ္ဍာနှစ် | ပုံမှန် | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၁၈-၂၀၁၉ | ၂၃၄၆၆၇ | ၁၇၃.၅၆ | ၂၃၉၁၁၅ | ၁၆၉.၂၆ | ၄၇၃၇၈၂ | ၃၄၂.၈၂ |
| ၂ | ၂၀၁၉-၂၀၂၀ | ၂၆၁၀၈၂ | ၂၂၂.၅၇ | ၂၇၃၀၄၆ | ၁၈၃.၇၄ | ၅၃၄၁၂၈ | ၄၀၆.၃၁ |
| ၃ | ၂၀၂၀-၂၀၂၁ | ၂၅၇၉၉၈ | ၂၃၄.၆၃၈ | ၄၁၅၁၁၃ | ၂၉၀.၇၆၄ | ၆၇၃၁၁၁ | ၅၂၅.၄ |
| ၄ | ၂၀၂၁-၂၀၂၂ | ၃၆၈၉၉၇ | ၂၈၇.၄၇ | ၁၄၇၂၅ | ၉.၀၇၄ | ၃၈၃၇၂၂ | ၂၉၆.၅၄ |
| ၅ | ၂၀၂၂-၂၀၂၃ | ၅၃၂၁၄၉ | ၃၈၁.၈၅၆ | ၁၅၉၂၅၀ | ၁၀၇.၂၃၃ | ၆၉၁၃၉၉ | ၄၈၉.၀၉ |
| ၆ | ၂၀၂၃-၂၀၂၄<br>(၁၁-၈-၂၀၂၃ထိ) | ၁၅၉၂၀၂ | ၁၀၆.၆၉၆ | ၄၈၃၆၀ | ၃၂.၄၅၂ | ၂၀၇၅၆၂ | ၁၃၉.၁၅ |

Source; customs

၁၂။ မြန်မာနိုင်ငံမှ ပြည်ပသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စာရင်းများအရ မြန်မာ့ပဲတီစိမ်းများကို ပုံမှန်လမ်းကြောင်းမှ ၅၃၂,၁၄၉ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၁၈ ဒသမ ၈၅၆ သန်း နှင့် နယ်စပ်လမ်းကြောင်းမှ ၁၅၉,၂၅၀ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၂၃၃ သန်း၊ စုစုပေါင်း တန်ချိန် ၆၉၁,၃၉၉ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၃၉ ဒသမ ၁၅ သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခုနှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၈-၂၀၂၃ ထိ) ကာလအတွင်း မြန်မာ့ပဲတီစိမ်းများကို ပုံမှန်လမ်းကြောင်းမှ တန်ချိန် ၁၅၉,၂၀၂ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၆၉၆ သန်းနှင့် နယ်စပ်လမ်းကြောင်းမှ တန်ချိန် ၄၈၃၆၀ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၄၅၂ သန်း၊ စုစုပေါင်း တန်ချိန် ၂၀၇၅၆၂ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၁၅ သန်း တင်ပို့ထားကြောင်း သိရှိရပါသည်။

၁၃။ ၂၀၂၀ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ပဲတီစိမ်းတင်ပို့သည့်နိုင်ငံများ၏ တင်ပို့မှု တန်ဖိုးနှင့် ပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ပဲတီစိမ်းတင်ပို့မှု တန်ဖိုးနှင့် အဆင့်နေရာပြဇယား

### Fig 5: List of exporters for the selected product

Unit: US Dollar thousand

| No | Exporters | Exported value in 2020 | Exported value in 2021 | Exported value in 2022 | Exported value in 2023 | Exported value in 2024 |
|---|---|---|---|---|---|---|
| 1 | Myanmar | 1019781 | 1097486 | 1129486 | 1062426 | 1275781 |
| 2 | Uzbekistan | 87934 | 106402 | 98472 | 136417 | 172718 |
| 3 | China | 181179 | 155683 | 141583 | 133023 | 106109 |
| 4 | India | 33820 | 74794 | 49515 | 84315 | 99275 |
| 5 | Australia | 65509 | 129735 | 110069 | 59696 | 93594 |
| 6 | Brazil | 44228 | 67632 | 30924 | 22291 | 88071 |
| 7 | Egypt | 12741 | 11884 | 20531 | 68697 | 74581 |
| 8 | Ethiopia | 18676 | 17205 | 7806 | 12773 | 64360 |
| 9 | Indonesia | 51485 | 41556 | 24857 | 38256 | 48877 |
| 10 | Uganda | 21372 | 38871 | 54042 | 27509 | 26823 |
| | World | 1748097 | 2037513 | 1904159 | 1939567 | 2262435 |

Source: ITC Trade Map

မှုရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၁) တွင်ရှိပါသည်။

### ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ပဲတီစိမ်းတင်ပို့မှု ပမာဏနှင့် အဆင့်နေရာပြဇယား

### Fig 6: List of exporters for the selected product

| No | Exporters | 2020 | 2021 | 2022 | 2023 | 2024 |
|---|---|---|---|---|---|---|
| | | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons |
| 1 | Myanmar | 1137320 | 1273653 | 1424686 | 1283712 | 1513818 |
| 2 | Uzbekistan | 97928 | 131313 | 126961 | 171483 | 203093 |
| 3 | Australia | 64986 | 134087 | 130311 | 62904 | 113422 |
| 4 | Brazil | 56420 | 81350 | 45540 | 29939 | 92511 |
| 5 | India | 25629 | 75242 | 40374 | 71755 | 77587 |
| 6 | Ethiopia | 20950 | 11171 | 4860 | 12540 | 60851 |
| 7 | Egypt | 15848 | 13986 | 25657 | 58903 | 58848 |
| 8 | China | 109103 | 78000 | 68824 | 74584 | 57222 |
| 9 | Indonesia | 48535 | 31522 | 18196 | 35799 | 51768 |
| 10 | Tanzania, United Republic of | 45208 | 43281 | No Quantity | 46419 | 41084 |
| | World | 1876855 | 2264918 | 2221018 | 2225217 | 2526633 |

Source: ITC Trade Map

မှုရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၁) တွင်ရှိပါသည်။

၁၄။ ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် ပဲတီစိမ်းတင်ပို့သောနိုင်ငံ (၁၀၂) နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့်တင်ပို့မှုတွင် အဆင့် (၁) နှင့် တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် (၁) နေရာတွင် ရှိနေပါသည်။

## အာရှတွင် ပဲတီစိမ်း တင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၄)

### Fig 7: Top 10 Asia Importers in 2024

| No | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Quantity imported in 2024 | Unit value (USD/unit) | Share in world imports (%) |
| | Asia Aggregation | 2003669 | | | 89.5 |
| 1 | India | 857486 | 760985 | 1127 | 38.3 |
| 2 | China | 468120 | 596321 | 785 | 20.9 |
| 3 | Viet Nam | 129433 | 186174 | 695 | 5.8 |
| 4 | Indonesia | 96641 | 101622 | 951 | 4.3 |
| 5 | Japan | 83773 | 48859 | 1715 | 3.7 |
| 6 | United Arab Emirates | 42107 | 52163 | 807 | 1.9 |
| 7 | Thailand | 41134 | 47938 | 858 | 1.8 |
| 8 | Philippines | 39997 | 47933 | 834 | 1.8 |
| 9 | Malaysia | 35255 | 33056 | 1067 | 1.6 |
| 10 | Pakistan | 35101 | 53266 | 659 | 1.6 |
| | World | 2239793 | 2298986 | 974 | 100 |

Source: ITC Trade Map

၁၅။ ၂၀၂၄ ခုနှစ်တွင် ပဲတီစိမ်းကို အာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ပါကစ္စတန်နိုင်ငံ တို့ဖြစ်ကြသည်။ အိန္ဒိယသည် ၂၀၂၄ ခုနှစ်တွင် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၈၅၇ ဒသမ ၄၈၆ သန်းဖိုးနှင့် အရေအတွက်တန်ချိန် ၇၆၀,၉၈၅ တန်ဖြင့်အများဆုံးဝယ်ယူခဲ့ပြီး တရုတ်က ကန်ဒေါ်လာ ၄၆၈ ဒသမ ၁၂၀ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၅၉၆,၃၂၁ တန်ဖြင့်ဒုတိယအများဆုံး၊ ဗီယက်နမ်က ကန်ဒေါ်လာ ၁၂၉ ဒသမ ၄၃၃ သန်းဖိုးနှင့် အရေအတွက် ၁၈၆,၁၇၄ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်း တွေ့ရသည်။ ထို့နောက် အင်ဒိုနီးရှား၊ ဂျပန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ပါကစ္စတန်နိုင်ငံတို့က အစဉ်လိုက် ရှိကြသည်။

## အာရှတွင်ပဲတီစိမ်းတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၄)

### Fig 8. Top 10 Asia exporters in 2024

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value exported in 2024 (USD thousand) | Quantity exported in 2024 | Unit value (USD/unit) | Share in world exports (%) |
| | Asia Aggregation | 1759857 | | | 77.8 |
| 1 | Myanmar | 1275781 | 1513818 | 843 | 56.4 |
| 2 | Uzbekistan | 172718 | 203093 | 850 | 7.6 |
| 3 | China | 106109 | 57222 | 1854 | 4.7 |
| 4 | India | 99275 | 77587 | 1280 | 4.4 |
| 5 | Indonesia | 48877 | 51768 | 944 | 2.2 |
| 6 | Thailand | 22446 | 24341 | 922 | 1 |
| 7 | United Arab Emirates | 10402 | 8332 | 1248 | 0.5 |
| 8 | Turkmenistan | 8037 | 12684 | 634 | 0.4 |
| 9 | Türkiye | 6598 | 6937 | 951 | 0.3 |
| 10 | Malaysia | 5112 | 5296 | 965 | 0.2 |
| | World | 2262438 | 2526638 | 895 | 100 |

Source: ITC Trade Map


၁၆။ ၂၀၂၄ ခုနှစ်တွင် ပဲတီစိမ်းကို အာရှနိုင်ငံများအနက် အများဆုံးတင်ပို့ရောင်းချ လျက်ရှိသော နိုင်ငံများမှာ မြန်မာ၊ ဥဇဘက်ကစ္စတန်၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ တာ့ခ်မင်နစ္စတန်နှင့် တူကီယဲ နိုင်ငံတို့ဖြစ်ကြသည်။ မြန်မာက ကန်ဒေါ်လာ ၁၂၇၅ ဒသမ ၇၈၁ သန်းဖိုးနှင့် အရေအတွက်တန်ချိန် ၁၅၁၃,၈၁၈ တန်ဖြင့် အများဆုံး ရောင်းချခဲ့ပြီး ဥဇဘက်ကစ္စတန်က ကန်ဒေါ်လာ ၁၇၂ ဒသမ ၇၁၈ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၂၀၃,၀၉၃ တန်နှင့် ဒုတိယအများဆုံး၊ တရုတ်က ကန်ဒေါ်လာ ၁၀၆ ဒသမ ၁၀၉ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၅၇,၂၂၂ တန်ဖြင့် တတိယအများဆုံး တင်ပို့ရောင်းချလျက် ရှိကြောင်းတွေ့ရသည်။ ထို့နောက် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ တာ့ခ်မင်နစ္စတန်နှင့် တူကီယဲ နိုင်ငံတို့က အစဉ်လိုက်ရှိကြသည်။


## ကမ္ဘာ့ပဲတီစိမ်းတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၄)

### Fig 9. Top 10 World exporters in 2022

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value exported in 2024 (USD thousand) | Quantity exported in 2024 | Unit value (USD/unit) | Share in world exports (%) |
| 1 | Mexico | 3783464 | 1190397 | 3178 | 40.7 |
| 2 | Peru | 1247959 | 569570 | 2191 | 13.4 |
| 3 | Netherlands | 1245952 | 372640 | 3344 | 13.4 |
| 4 | Spain | 463149 | 138977 | 3333 | 5 |
| 5 | Morocco | 316857 | 95859 | 3305 | 3.4 |
| 6 | Colombia | 310035 | 138562 | 2238 | 3.3 |
| 7 | Chile | 291563 | 107661 | 2708 | 3.1 |
| 8 | Israel | 260257 | 72539 | 3588 | 2.8 |
| 9 | South Africa | 204726 | 82784 | 2473 | 2.2 |
| 10 | United States of America | 176611 | 59969 | 2945 | 1.9 |
| 32 | Myanmar | 4613 | 7056 | 654 | 0 |
| | World | 9297915 | 3371050 | 2758 | 100 |

Source: ITC Trade Map






၁၇။ ၂၀၂၄ ခုနှစ်တွင် ပဲတီစိမ်း (HS.Code-071331) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ မက္ကစီကို၊ ပီရူး၊ နယ်သာလန်၊ စပိန်၊ မော်ရိုကို၊ ကိုလံဘီယာ၊ ချီလီ၊ အစ္စရေး၊ တောင်အာဖရိက၊ အမေရိကန် နိုင်ငံတို့ဖြစ်ကြသည်။ မက္ကစီကိုက ကန်ဒေါ်လာ ၃၇၈၃ ဒသမ ၄၆၄ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၄၀ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည် ကိုတွေ့ရသည်။ ပီရူးက ကန်ဒေါ်လာ ၁၂၄၇ ဒသမ ၉၅၉ သန်းဖိုး ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၃ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ နယ်သာလန်က ကန်ဒေါ်လာ ၁၂၄၅ ဒသမ ၉၅၂ သန်းဖိုး ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၃ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တတိယရရှိထားသည်။ ထို့နောက် စပိန်၊ မော်ရိုကို၊ ကိုလံဘီယာ၊ ချီလီ၊ အစ္စရေး၊ တောင်အာဖရိက၊ အမေရိကန် နိုင်ငံတို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေဖြင့် အစ္စရေးက ပထမ၊ နယ်သာလန်က ဒုတိယ၊ စပိန်က တတိယ၊ မက္ကစီကိုက စတုတ္ထနှင့် မော်ရိုကိုက ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ ပဲတီစိမ်း တင်ပို့သောနိုင်ငံ (၁၁၆) နိုင်ငံရှိပြီး ၂၀၂၂ ခုနှစ်တွင် မြန်မာက အဆင့် (၅၂) နေရာတွင်ရှိပြီး၊ ၂၀၂၄ ခုနှစ်တွင် အဆင့် (၃၂) ထိတိုးမြင့်လာကြောင်းသိရသည်။

**အီးယူနိုင်ငံများမှ ပဲတီစိမ်း တင်သွင်းမှု**

၁၈။ ၂၀၂၄ ခုနှစ်တွင် ပဲတီစိမ်း အများဆုံးတင်သွင်းခဲ့သော အီးယူထိပ်တန်းနိုင်ငံများမှာ ယူနိုက်တက်ကင်းဒမ်း၊ နယ်သာလန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ ပိုလန်နှင့် အိုင်ယာလန်နိုင်ငံစသည်တို့ဖြစ် ကြပြီး ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ် (၅) နှစ် တာကာလ အတွင်း တန်ဖိုးအားဖြင့်တင်သွင်းမှု ရာခိုင် နှုန်းနှင့် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် (၂) နှစ် တာကာလ အတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှု ရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Fig 10. Top Ten EU Importers with the Biggest Growth in value Between 2020 and 2024**

| No | Importers | Select your indicators | |
|---|---|---|---|
| | | Annual growth in value | Annual growth in value |
| | European Union (EU 28) Aggregation | | |
| 1 | United Kingdom | 5 | -7 |
| 2 | Netherlands | 4 | -11 |
| 3 | France | 2 | 48 |
| 4 | Italy | 4 | 58 |
| 5 | Germany | -22 | 6 |
| 6 | Spain | 9 | 67 |
| 7 | Belgium | -42 | -34 |
| 8 | Denmark | 33 | 19 |
| 9 | Poland | 0 | 30 |
| 10 | Ireland | 26 | 57 |
| | World | 12 | 15 |

source: ITC Trade Map

၁၉။ ပဲတီစိမ်း အများဆုံးတင်သွင်းသော အီးယူထိပ်တန်း (၁၀) နိုင်ငံ၏ ၂၀၂၄ ခုနှစ် အတွက် တင်သွင်းမှု ပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစုအခြေအနေများကို တစ်ဖက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်-

## Fig 11. Top Ten Importers of EU in 2024

| No | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Quantity imported in 2024 | Unit value (USD/unit) | Share in world imports (%) |
| | European Union (EU 28) Aggregation | 56944 | | | 2.5 |
| 1 | United Kingdom | 24467 | 18239 | 1341 | 1.1 |
| 2 | Netherlands | 9580 | 6228 | 1538 | 0.4 |
| 3 | France | 4728 | 2919 | 1620 | 0.2 |
| 4 | Italy | 3091 | 2428 | 1273 | 0.1 |
| 5 | Germany | 3035 | 1736 | 1748 | 0.1 |
| 6 | Spain | 2035 | 1237 | 1645 | 0.1 |
| 7 | Belgium | 1746 | 1282 | 1362 | 0.1 |
| 8 | Denmark | 1380 | 683 | 2020 | 0.1 |
| 9 | Poland | 1120 | 772 | 1451 | 0.1 |
| 10 | Ireland | 893 | 371 | 2407 | 0 |
| | World | 2239793 | 2298986 | 974 | 100 |

source: ITC Trade Map

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်
## တရုတ်ဈေးကွက်

## Fig 12: Top world exporters to China in 2024

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Share in China's imports (%) | Quantity imported in 2024 | Unit value (USD/unit) |
| | World | 468120 | 100 | 596321 | 785 |
| 1 | Myanmar | 222589 | 47.5 | 319818 | 696 |
| 2 | Uzbekistan | 90095 | 19.2 | 106115 | 849 |
| 3 | Australia | 60044 | 12.8 | 70025 | 857 |
| 4 | Ethiopia | 50532 | 10.8 | 48064 | 1051 |
| 5 | Indonesia | 33714 | 7.2 | 36053 | 935 |
| 6 | Thailand | 11098 | 2.4 | 16214 | 684 |
| 7 | India | 48 | 0 | 30 | 1600 |

Source: ITC Trade Map

## အိန္ဒိယဈေးကွက်

### Fig 13:  Top world exporter to United States of India in 2024

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Share in India's imports (%) | Quantity imported in 2024 | Unit value (USD/unit) |
| | World | 857486 | 100 | 760985 | 1127 |
| 1 | Myanmar | 781504 | 91.1 | 688470 | 1135 |
| 2 | Brazil | 61208 | 7.1 | 57475 | 1065 |
| 3 | Singapore | 11141 | 1.3 | 11000 | 1013 |
| 4 | United Arab Emirates | 1329 | 0.2 | 1436 | 925 |
| 5 | Thailand | 1053 | 0.1 | 947 | 1112 |
| 6 | Tanzania, United Republic of | 463 | 0.1 | 730 | 634 |
| 7 | Area Nes | 329 | 0 | 250 | 1316 |

Source: ITC Trade Map

## ဗီယက်နန်ဈေးကွက်

### Fig 14:  Top world exporter to Viet Nam in 2024 (Mirror)

| A3:F1 | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Share in Viet Nam's imports (%) | Quantity imported in 2024 | Unit value (USD/unit) |
| | Total | 129433 | 100 | 186174 | 695 |
| 1 | Myanmar | 95651 | 73.9 | 138191 | 692 |
| 2 | Australia | 15227 | 11.8 | 19507 | 781 |
| 3 | Kenya | 7985 | 6.2 | 10663 | 749 |
| 4 | Thailand | 2522 | 1.9 | 3560 | 708 |
| 5 | Brazil | 1769 | 1.4 | 2659 | 665 |
| 6 | Argentina | 1518 | 1.2 | 2927 | 519 |
| 7 | China | 1275 | 1 | 1219 | 1046 |
| 8 | Madagascar | 1047 | 0.8 | 3519 | 298 |
| 9 | Tanzania, United Republic of | 694 | 0.5 | 1483 | 468 |
| 10 | India | 584 | 0.5 | 1007 | 580 |

Source: ITC Trade Map

## အင်ဒိုနီးရှားဈေးကွက်

### Fig 15: Top world exporters to Indonesia in 2024

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Share in Indonesia's imports (%) | Quantity imported in 2024 | Unit value (USD/unit) |
| | World | 96641 | 100 | 101622 | 951 |
| 1 | Myanmar | 64703 | 67 | 68307 | 947 |
| 2 | Ethiopia | 13552 | 14 | 12337 | 1098 |
| 3 | Venezuela, Bolivarian Republic of | 6695 | 6.9 | 8819 | 759 |
| 4 | Australia | 5758 | 6 | 5820 | 989 |
| 5 | China | 3239 | 3.4 | 3035 | 1067 |
| 6 | Brazil | 1207 | 1.2 | 1465 | 824 |
| 7 | Madagascar | 356 | 0.4 | 462 | 771 |
| 8 | Malaysia | 347 | 0.4 | 402 | 863 |
| 9 | Kenya | 201 | 0.2 | 310 | 648 |
| 10 | Paraguay | 201 | 0.2 | 275 | 731 |

Source: ITC Trade Map

## ဂျပန်ဈေးကွက်

### Fig 16: Top world exporters to Japan in 2024

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Share in Japan's imports (%) | Quantity imported in 2024 | Unit value (USD/unit) |
| | World | 83773 | 100 | 48859 | 1715 |
| 1 | China | 53696 | 64.1 | 25348 | 2118 |
| 2 | Myanmar | 19402 | 23.2 | 16277 | 1192 |
| 3 | Uzbekistan | 6106 | 7.3 | 4158 | 1468 |
| 4 | Madagascar | 2940 | 3.5 | 2070 | 1420 |
| 5 | India | 871 | 1 | 526 | 1656 |
| 6 | Viet Nam | 432 | 0.5 | 252 | 1714 |
| 7 | United Arab Emirates | 90 | 0.1 | 73 | 1233 |
| 8 | Thailand | 61 | 0.1 | 31 | 1968 |
| 9 | Nepal | 59 | 0.1 | 42 | 1405 |
| 10 | Australia | 44 | 0.1 | 34 | 1294 |

Source: ITC Trade Map

## ထိုင်းဈေးကွက်

### Fig 17: Top world exporters to Thailand in 2024

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Share in Thailand's imports (%) | Quantity imported in 2024 | Unit value (USD/unit) |
| | World | 41134 | 100 | 47938 | 858 |
| 1 | Myanmar | 23948 | 58.2 | 21130 | 1133 |
| 2 | Venezuela, Bolivarian Republic of | 4930 | 12 | 6725 | 733 |
| 3 | Madagascar | 4393 | 10.7 | 10438 | 421 |
| 4 | Australia | 2656 | 6.5 | 2917 | 911 |
| 5 | Kenya | 1984 | 4.8 | 2726 | 728 |
| 6 | Tanzania, United Republic of | 1752 | 4.3 | 2683 | 653 |
| 7 | India | 428 | 1 | 225 | 1902 |
| 8 | Thailand | 334 | 0.8 | 148 | 2257 |
| 9 | Brazil | 257 | 0.6 | 344 | 747 |
| 10 | Argentina | 198 | 0.5 | 270 | 733 |

Source: ITC Trade Map

## အမေရိကဈေးကွက်

### Fig 18:  Top world exporters to America in 2024

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Share in United States of America's imports (%) | Quantity imported in 2024 | Unit value (USD/unit) |
| | World | 53983 | 100 | 29493 | 1830 |
| 1 | Kenya | 3 | 0 | 2 | 1500 |
| 2 | Israel | 3 | 0 | 1 | 3000 |
| 3 | El Salvador | 3 | 0 | 1 | 3000 |
| 4 | Pakistan | 3 | 0 | 1 | 3000 |
| 5 | Poland | 4 | 0 | 1 | 4000 |
| 6 | Nigeria | 5 | 0 | 6 | 833 |
| 7 | Ghana | 5 | 0 | 0 | |
| 8 | Serbia | 6 | 0 | 2 | 3000 |
| 9 | Hong Kong, China | 10 | 0 | 3 | 3333 |
| 10 | Uruguay | 11 | 0 | 6 | 1833 |

Source: ITC Trade Map

## စင်ကာပူဈေးကွက်

### Fig 19: Top world exporter to Singapore of in 2024

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Share in Singapore's imports (%) | Quantity imported in 2024 | Unit value (USD/unit) |
| | World | 5276 | 100 | 4195 | 1258 |
| 1 | Myanmar | 2844 | 53.9 | 2418 | 1176 |
| 2 | Thailand | 888 | 16.8 | 574 | 1547 |
| 3 | India | 638 | 12.1 | 400 | 1595 |
| 4 | Australia | 589 | 11.2 | 535 | 1101 |
| 5 | China | 200 | 3.8 | 140 | 1429 |
| 6 | Brazil | 43 | 0.8 | 51 | 843 |
| 7 | Argentina | 41 | 0.8 | 50 | 820 |
| 8 | United Arab Emirates | 17 | 0.3 | 16 | 1063 |
| 9 | Malaysia | 16 | 0.3 | 10 | 1600 |

Source: ITC Trade Map

## ယူနိုက်တက်ကင်းဒမ်းဈေးကွက်

### Fig 20: Top world exporters to United Kingdom in 2024

| No | Exporters | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2024 (USD thousand) | Share in United Kingdom's imports (%) | Quantity imported in 2024 | Unit value (USD/unit) |
| | World | 24467 | 100 | 18239 | 1341 |
| 1 | India | 8885 | 36.3 | 7190 | 1236 |
| 2 | Myanmar | 5685 | 23.2 | 3994 | 1423 |
| 3 | Argentina | 2343 | 9.6 | 1712 | 1369 |
| 4 | China | 1892 | 7.7 | 774 | 2444 |
| 5 | United Arab Emirates | 955 | 3.9 | 839 | 1138 |
| 6 | Spain | 667 | 2.7 | 271 | 2461 |
| 7 | Thailand | 458 | 1.9 | 167 | 2743 |
| 8 | Venezuela, Bolivarian Republic of | 344 | 1.4 | 350 | 983 |
| 9 | Türkiye | 341 | 1.4 | 233 | 1464 |
| 10 | Tanzania, United Republic of | 340 | 1.4 | 343 | 991 |

Source: ITC Trade Map

## ပဲတီစိမ်း စိုက်ပျိုးမှု၊ ထွက်ရှိမှုနှင့် စားသုံးမှုနှင့် ပို့လျှံမှုအခြေအနေများ

၂၀။ မြန်မာတောင်သူအများဆုံးစိုက်ပျိုးလျက်ရှိသောမျိုးများသည် စိုက်ပျိုးရေးသုတေသနမှ ထုတ်ဝေထောက်ခံထားသည့် မျိုးကောင်းမျိုးသန့်များနှင့် ဒေသအထွက်ကောင်းမျိုးများကို စိုက်ပျိုးကြသည်။ အဆိုပါမျိုးများ၏ အရည် အသွေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Fig 21: ပဲတီစိမ်းမျိုးကောင်းမျိုးသန့်များနှင့် ဒေသအထွက်ကောင်းမျိုးများ**

| စဉ် | မျိုးအမည် | အသက်ရက် | အစေ့၁၀၀အလေးချိန်(ဂရမ်) | အထွက်နှုန်း(တင်း) | အစေ့အရောင် | စိုက်ပျိုးရန်သင့်တော်သည့်ဒေသ |
|---|---|---|---|---|---|---|
| ၁ | ရေဆင်း - ၉ | ၆၄-၆၅ | ၆ - ၇ | ၁၇ | စိမ်းဝါ | စစ်ကိုင်း၊ မန္တလေး၊ မကွေး |
| ၂ | ရေဆင်း - ၁၁ | ၅၅ - ၆၀ | ၅.၅ - ၆ | ၂၀ - ၂၅ | အစိမ်း | စစ်ကိုင်း၊ မန္တလေး၊ မကွေး |
| ၃ | ရေဆင်း - ၁၄ | ၆၅ - ၇၀ | ၅.၅ - ၆ | ၂၀ - ၂၅ | စိမ်းဝါ | စစ်ကိုင်း၊ မန္တလေး၊ မကွေး |
| ၄ | စိုက်ပျိုးရေး - ၁ (သို့) ရေဆင်း- ၁ | ၇၀ - ၇၅ | ၇.၅ | ၂၀ - ၂၅ | စိမ်းဝါ | အောက်မြန်မာပြည် |
| ၅ | ရွှေတိုး | ၆၀-၆၅ | | | အစိမ်း | |

Source: စိုက်ပျိုးရေးဦးစီးဌာန

၂၁။ ရွှေတိုးမျိုးသည် အစေ့အရွယ်အစားတူညီပြီး တောက်ပသော အစိမ်းရောင်ရှိသည်။ တစ်ပင်တွင်သီးတောင့် မှ ၉ တောင့် ပါဝင်ပြီး တစ်တောင့်တွင် ၇ မှ ၁၃ စေ့ခန့် ပါဝင်သည်။ ဖားဥမှိုနှင့်သံချေးမှိုရောဂါဒဏ် ခံနိုင်ရည်ရှိသည်။ စိုက်ပျိုးလျက်ရှိသောမျိုးများမှာ ရွှေတိုးမျိုးကစိုက်ပျိုးသင့်သည့်ဒေသများမှာ မြန်မာပြည်အောက်ပိုင်း အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရမ်း၊ သုံးခွ၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များတွင် စိုက်ပျိုးကြသည်။

၂၂။ ပဲတီစိမ်း တစ်ဧက တင်း (၂၀) ထွက်ရှိရန် တစ်ဧကအပင်ဦးရေ မိုးကြိုနှင့် မိုးနှောင်းရာသီတွင် (၁၃၀၀၀၀)၊ မိုးရာသီတွင် (၈၇၀၀၀) ရရှိရန် လိုအပ်သဖြင့် မိုးကြို၊ မိုးနှောင်းနှင့် မိုးလယ်တို့တွင်လည်းကောင်း၊ ဆောင်းရာသီတွင်လည်းကောင်း စိုက်ပျိုးလေ့ရှိပြီး သီးသန့်၊ သီးညှပ် (သို့မဟုတ်) သီးထပ်အဖြစ် စိုက်ပျိုးလေ့ရှိသည်။ အတန်းလိုက်စိုက်ပျိုးရာတွင် မိုးကြိုနှင့် မိုးနှောင်းတွင်

တန်းကြား ၁ ပေ၊ ပင်ကြား ၄ လက်မ၊ မိုးရာသီတွင် ၁.၅ ပေနှင့် ပင်ကြား ၄ လက်မထား၍ မျိုးစေ့ အား ၁ လက်မ မှ ၁.၅ လက်မ အတွင်း စိုက်ပျိုးကြသည်။ မိုးကြိုတွင် ဖေဖော်ဝါရီလလယ်မှ မတ်လလယ် အတွင်းစိုက်ပျိုးကြပြီး မိုးရာသီတွင် မေလလယ်မှ ဩဂုတ်လ အပြီးစိုက်ပျိုးပြသည်။ မိုးနှောင်းရာသီတွင် အောက်မြန်မာပြည်၌ အောက်တိုဘာလမှနိုဝင်ဘာလအတွင်း အပြီးစိုက်ပျိုးပြီး မိုးကြိုရာသီတွင် ရေသွင်း၍ သီးသန့်အဖြစ်လည်းကောင်း၊ သီးညှပ်အဖြစ်လည်းကောင်း စိုက်ပျိုးကြ သည်။ သီးညှပ်စိုက်ရာတွင် မိုးပြောင်းဖူး၊ နှမ်းလျှင်၊ ပဲစင်းငုံ၊ မိုးနေကြာနှင့် ညှပ်၍ စိုက်ပျိုးကြပြီး သီးထပ်စိုက်ရာတွင် ရေလိုက်ကြဲစနစ်၊ ခေးခုတ်ဖုံးစနစ်၊ ထွန်ရေးဖြင့် စိုက်သောစနစ် (ထွန်ပဲစနစ်) တို့ဖြင့် စိုက်ပျိုးကြသည်။

**ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်း စိုက်ပျိုးမှုအခြေအနေ**

၂၃။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် စိုက်ဧက ၇၂၉၃၃၆ဧက၊ ရိတ်ဧက ၇၂၉၃၃၆ ဧကနှင့် အထွက် တန်ချိန် ၂၈၅၉၂၀ တန် ထွက်ရှိပြီး၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အနည်းငယ်ကျဆင်းကာ၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် စိုက်ဧက ၁၀၀၂၈၀၄ ဧက၊ ရိတ်ဧက ၈၄၅၅၃၁ ဧကနှင့် အထွက်တန်ချိန် ၈၄၅၅၃၁ တန် ထိပြန်လည်တိုးတက်ခဲ့သည်။ ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်း စိုက်ပျိုးမှုအခြေအနေမှာ အောက်ပါ အတိုင်းဖြစ်သည်-

**Fig 20: ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်း စိုက်ပျိုး၊ ရိတ်သိမ်း၊ ထွက်ရှိမှုနှုန်း အခြေအနေ**

| စဉ် | ဘဏ္ဍာနှစ် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း | အထွက်တန် |
|---|---|---|---|---|---|
| ၁ | ၂၀၁၉-၂၀၂၀ | ၇၂၉၃၃၆ | ၇၂၉၃၃၆ | ၁၂.၀၀ | ၂၈၅၉၂၀ |
| ၂ | ၂၀၂၀-၂၀၂၁ | ၇၇၁၆၇၈ | ၇၇၁၆၇၈ | ၁၂.၅၆ | ၃၁၆၅၃၂ |
| ၃ | ၂၀၂၁-၂၀၂၂ | ၇၅၁၇၇၆ | ၇၅၁၇၇၆ | ၁၂.၆၈ | ၃၁၁၃၉၃ |
| ၄ | ၂၀၂၂-၂၀၂၃ | ၈၅၇၁၈၂ | ၈၅၇၁၈၂ | ၂၀.၄၂ | ၅၇၁၉၂၉ |
| ၅ | ၂၀၂၃-၂၀၂၄ | ၁၀၀၂၈၀၄ | ၈၄၅၅၃၁ | ၂၃.၄၇ | ၈၄၅၅၃၁ |

Source: စိုက်ပျိုးရေးဦးစီးဌာန

**ပဲတီစိမ်း စိုက်ပျိုးထွက်ရှိမှုနှင့် စားသုံးပို့လျှံမှုအခြေအနေ**

၂၄။ ၂၀၂၃-၂၀၂၄ခုနှစ်၊ ပဲတီစိမ်း စိုက်ပျိုးထွက်ရှိမှု၊ စားသုံးမှုနှင့် ပို့လျှံမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Fig 21: ၂၀၂၃-၂၀၂၄ခုနှစ်၊ ပဲတီစိမ်း စိုက်ပျိုး၊ ရိတ်သိမ်း၊ ထွက်ရှိမှုနှင့် စားသုံးပို့လျှံမှု အခြေအနေ**

| စဉ် | အမျိုးအမည် | ဧကေ | တင်း | တန် |
|---|---|---|---|---|
| ၁ | စိုက်ဧကေ | ၁၀၀၂၈၀၄ | | |
| ၂ | ရိတ်သိမ်းဧကေ | ၈၄၅၅၃၁ | | |
| ၃ | အထွက် | | ၁၉၈၄၂၁၆၇ | ၆၄၈၂၂၆ |
| ၄ | စုစုပေါင်း စားသုံးမှု | | ၁၁၄၄၀၅၃ | ၃၇၃၇၅ |
| ၅ | ပို့လျှံ | | ၁၈၆၉၈၁၁၄ | ၆၁၀၈၅၁ |

Source: စိုက်ပျိုးရေးဦးစီးဌာန


**ပဲတီစိမ်းသီးနှံ လအလိုက်၊ နှစ်အလိုက် ဈေးနှုန်းများ**

၂၅။ ပဲတီစိမ်းသီးနှံ၏ လအလိုက်၊ နှစ်အလိုက် အနိမ့်၊ အမြင့် ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြထားရှိပါသည်-

**Fig 20: ပဲတီစိမ်းသီးနှံ လအလိုက်၊ နှစ်အလိုက် အနိမ့်၊ အမြင့် ဈေးနှုန်းစာရင်း**

| စဉ် | လအမည် | ၂၀၂၀ | | ၂၀၂၁ | | ၂၀၂၂ | | ၂၀၂၃ | | ၂၀၂၄ | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အနိမ့် | အမြင့် | အနိမ့် | အမြင့် | အနိမ့် | အမြင့် | အနိမ့် | အမြင့် | အနိမ့် | အမြင့် |
| ၁ | ဇန်နဝါရီ | ၃၈၅၀၀ | ၃၉၀၀၀ | ၄၀၀၀၀ | ၄၂၀၀၀ | _ | ၃၇၅၀၀ | ၄၄၀၀၀ | ၄၆၀၀၀ | _ | ၇၁၀၀၀ |
| ၂ | ဖေဖော်ဝါရီ | ၃၆၂၀၀ | ၃၇၀၀၀ | _ | ၄၂၀၀၀ | _ | ၄၀၅၀၀ | _ | ၅၀၀၀၀ | _ | ၇၃၀၀၀ |
| ၃ | မတ် | _ | ၃၅၀၀၀ | _ | _ | ၄၁၅၀၀ | ၄၂၀၀၀ | _ | ၅၀၀၀၀ | _ | ၇၃၀၀၀ |
| ၄ | ဧပြီ | ၃၂၇၀၀ | ၃၃၀၀၀ | _ | _ | _ | ၄၆၀၀၀ | _ | ၅၀၀၀၀ | _ | ၇၃၀၀၀ |
| ၅ | မေ | _ | _ | _ | ၃၅၀၀၀ | _ | ၄၆၀၀၀ | _ | ၆၀၀၀၀ | _ | ၇၀၀၀၀ |
| ၆ | ဇွန် | _ | _ | _ | _ | _ | ၄၆၀၀၀ | _ | ၅၆၀၀၀ | _ | _ |
| ၇ | ဇူလိုင် | _ | _ | _ | _ | _ | ၄၆၀၀၀ | ၅၆၀၀၀ | ၆၀၀၀၀ | _ | _ |
| ၈ | ဩဂုတ် | _ | ၃၇၀၀၀ | _ | _ | _ | ၄၅၀၀၀ | ၅၅၀၀၀ | ၆၅၀၀၀ | _ | _ |
| ၉ | စက်တင်ဘာ | ၃၅၇၀၀ | ၃၆၀၀၀ | _ | _ | _ | _ | ၅၄၀၀၀ | ၅၇၀၀၀ | _ | _ |
| ၁၀ | အောက်တိုဘာ | _ | ၃၆၀၀၀ | _ | _ | ၄၇၀၀၀ | ၄၇၅၀၀ | _ | ၅၇၀၀၀ | _ | _ |
| ၁၁ | နိုဝင်ဘာ | _ | ၃၆၀၀၀ | ၃၈၅၀၀ | ၃၉၀၀၀ | ၄၇၀၀၀ | ၄၈၀၀၀ | _ | ၅၃၀၀၀ | _ | _ |
| ၁၂ | ဒီဇင်ဘာ | _ | ၃၇၀၀၀ | _ | ၄၀၀၀၀ | _ | ၄၈၀၀၀ | ၆၀၀၀၀ | ၆၃၀၀၀ | _ | _ |

**ပဲတီစိမ်းသီးနှံ နှစ်အလိုက် အနိမ့်၊ အမြင့် ဈေးနှုန်းအခြေပြဇယား**



သွင်းကုန်ခွန်လေ့လာချက်

## Fig 21: Tariff Rate of Dried, shelled beans of species "Vigna mungo (L.) Hepper or vigna radiata (L.) wilczek" whether

| Partenr | Tariff regime | Applied tariff |
|---|---|---|
| india | MFN duties (Applied) | 0 |
| Indonesia | MFN duties (Applied) | 0 |
| China | MFN duties (Applied) | 0 |
| Japan | MFN duties (Applied) | 0 |
| Philippines | MFN duties (Applied) | 0.1 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Thailand | MFN duties (Applied) | 0.05 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Korea | MFN duties (Applied) | 6.075 |
| | Preferential tariff for ASEAN countries | 4.86 |
| U S A | MFN duties (Applied) | 0.8 cents/kg |
| | Preferential tariff for GSP countries | 0 |
| Malaysia | MFN duties (Applied) | 0 |
| Viet Nam | MFN duties (Applied) | 0 |
| U A E | MFN duties (Applied) | 0 |
| Nepal | MFN duties (Applied) | 0.1 |
| Bangladesh | MFN duties (Applied) | 0.05 |
| Kazakhstan | MFN duties (Applied) | 0.1 |
| | Preferential tariff for Least Developed Countries | 0 |
| Belgium | MFN duties (Applied) | 0 |
| United Kingdom | MFN duties (Applied) | 0 |
| Netherlands | MFN duties (Applied) | 0 |
| Germany | MFN duties (Applied) | 0 |
| France | MFN duties (Applied) | 0 |
| Partenr | Tariff regime | Applied tariff |
| (as reported) | | |
| india | MFN duties (Applied) | 0 |

Source: Market Access Map

၂၆။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ဂျပန်၊ မလေးရှား၊ ဗီယက်နမ်၊ ယူအေအီး၊ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ နယ်သာလန်၊ ဂျာမနီ၊ ပြင်သစ်တို့က MFN duties သုညရာခိုင်နှုန်း၊ ဖိလစ်ပိုင်က MFN duties သုည ဒသမ ၁ ရာခိုင်နှုန်း၊ AANZFTA Countries, ASEAN Countries သုညရာခိုင်နှုန်း၊ ထိုင်းက MFN duties သုည ဒသမ ၀၅ ရာခိုင်နှုန်း၊ AANZFTA Countries, ASEAN Countries, LDC Countries သုညရာခိုင်နှုန်း၊ ကိုရီးယားက MFN duties ၆ ဒသမ ၀၇၅ ရာခိုင်နှုန်း၊ ASEAN Countries ၄ ဒသမ ၈၆ ရာခိုင်နှုန်း၊ အမေရိကန်က MFN duties တစ်ကီလိုဂရမ်ကို ၀.၈ ဆင့်နှုန်း၊ GSP Countries သုညရာခိုင်နှုန်း၊ နီပေါက MFN duties သုညဒသမ ၁ ရာခိုင်နှုန်း၊ ကာဇက်စတန်က MFN duties သုည ဒသမ ၁ ရာခိုင်နှုန်း၊ LDC Countries သုညရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်က MFN duties သုည ဒသမ ၀၅ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရသည်။

**မြန်မာနိုင်ငံအတွက် ဈေးကွက်များလေ့လာခြင်း**

၂၇။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲတီစိမ်းအများဆုံးတင်ပို့သောနိုင်ငံ ဖြစ်သည့်အပြင် အာရှနိုင်ငံများတွင်လည်း ပဲတီစိမ်းအများဆုံးတင်ပို့သော နိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကမ္ဘာပေါ်တွင်ပဲတီစိမ်းအများဆုံးတင်ပို့သောနိုင်ငံဖြစ်သည့်အပြင် ကမ္ဘာပေါ်တွင် ပဲတီစိမ်းအများဆုံးဝယ်ယူရာတွင်လည်းကောင်း၊ မြန်မာ့ပဲတီစိမ်းအား အများဆုံးဝယ်ယူသောရာတွင်လည်းကောင်း ပထမ၊ ဒုတိယ အဆင့်ရရှိထားသော နိုင်ငံများဖြစ်သည်။ ထို့ကြောင့် အဆိုပါတရုတ်နိုင်ငံ၏ဈေးကွက်ဗျူဟာများ၊ နည်းပညာ၊ Trade technology များ လေ့လာရမည့်အပြင် မြန်မာ့ပဲတီစိမ်းဈေးကွက်ကိုလည်း ဆက်လက်ထိန်းသိမ်းသင့်ပါသည်။

၂၈။ ကမ္ဘာ့ပေါ်တွင် ပဲတီစိမ်း တင်သွင်းရာတွင်လည်းကောင်း၊ တင်ပို့ရာတွင်လည်းကောင်း ထိပ်တန်းနိုင်ငံများစာရင်းတွင် ဥရောပနိုင်ငံများထက် အာရှနိုင်ငံများကသာ ဦးဆောင်နေကြောင်း တွေ့ရသည်။ အာရှနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် UAE နိုင်ငံများသည် ကမ္ဘာ့ပဲတီစိမ်းတင်သွင်းမှု၊ အာရှပဲတီစိမ်းတင်သွင်းမှုတို့တွင် ထိပ်တန်းနိုင်ငံများ ဖြစ်ကြ

သည်။ အင်ဒိုနီးရှား၊ ထိုင်းနှင့် UAE နိုင်ငံများသည် အာရှတွင်ပဲတီစိမ်းတင်သွင်းမှု/ တင်ပို့မှု နှစ်မျိုး စလုံးတွင် ပါဝင်သောကြောင့် Re-Export ဆောင် ရွက်နေသည်ဟု သုံးသပ်ရပါသည်။

၂၉။ မြန်မာ့ပဲတီစိမ်းအား အများဆုံး ဝယ်ယူသော ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ထိုင်းနှင့် UAE နိုင်ငံများသည် ကမ္ဘာ့ဝယ်လိုအားနှင့် အာရှဝယ်လိုအား ထိပ်တန်းနိုင်ငံများတွင်လည်း ပါဝင်သော ကြောင့် အဆိုပါနိုင်ငံများ၏ဈေးကွက်အား ဆက်လက်ထိုးဖောက်သင့်ပါသည်။

၃၀။ ဥရောပနိုင်ငံများအနေဖြင့် ကမ္ဘာပေါ်တွင် ပဲတီစိမ်းအများဆုံးတင်ပို့မှု/ တင်သွင်းမှုတို့တွင် ထိပ်တန်းစာရင်း မပါဝင်သော်လည်း နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ စပိန်၊ ပိုလန်၊ အီတလီ၊ ယူနိုက် တက်ကင်းဒမ်း၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံများသည် ဥရောပနိုင်ငံအချင်းချင်း ပဲတီစိမ်းတင်သွင်းမှု/ တင်ပို့မှုနှစ်မျိုးလုံး ဆောင်ရွက်လျက်ရှိသော ထပ်တန်းနိုင်ငံများ ဖြစ်ကြသည်။

**အားသာချက်နှင့် အားနည်းချက်များ**

၃၁။ မြန်မာ့ပဲတီစိမ်းသည် ပြည်တွင်းသုံးစွဲမှုသာမက ပြည်ပပို့ကုန်သီးနှံတစ်မျိုး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပဲတီစိမ်းအား နေရာအနှံ့စိုက်ပျိုးနိုင်ခြင်း၊ ရာသီဥတုမရွေး စိုက်ပျိုးနိုင်ခြင်း၊ သီးထပ် သီးညှပ်စိုက်ပျိုးနိုင်ခြင်း၊ GAP စနစ်ကို စိုက်ပျိုးရန် အကောင်အထည်ဖော်လျက်ရှိခြင်း၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက် သို့ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်နိုင် သောသီးနှံဖြစ်ခြင်းနှင့် သွင်းကုန်အစားထိုးထုတ်ကုန်များထုတ်လုပ်နိုင်သော သီးနှံဖြစ်ခြင်း စသည့် အားသာချက်များ တွေ့ရပါသည်။

၃၂။ သို့ရာတွင် ပဲတီစိမ်းသည် အကြိမ်ကြိမ်ခူးဆွတ်ရသဖြင့် ကရိကထများခြင်း၊ လုပ်သား စုဆောင်းရန် လိုအပ်ခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းမြင့်တက်လာခြင်း၊ စိုက်ပျိုးထုတ် လုပ်သူများအတွက် တွက်ချေကိုက်ရန်လိုအပ်ခြင်း၊ မျိုးကောင်းမျိုးသန့်များရရန်နှင့် ရာသီဥတု ကောင်းမွန်ရန် လိုအပ်ခြင်း၊ GAP စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရန်လိုအပ်ခြင်း၊ သီးနှံများ တွင်ထွက်ရှိသည့် အချိန်နှင့် သိုလှောင်တင်ပို့သည့်အချိန်တွင် ဓာတ်ကြွင်းများပါနေခြင်း၊ ခေတ်မီ စိုက်ပျိုးရေးနည်းပညာများနှင့် စက်ကိရိယာများ လိုအပ်ခြင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိနေခြင်း၊ တင်ပို့သည့်နိုင်ငံများ၏ သတ်မှတ်စံချိန်စံနှုန်း

များလေ့လာမှု အားနည်းခြင်းနှင့် တင်ပို့သည့်အခါ ကန့်သတ်ချက်များရှိနေခြင်းစသည် စိန်ခေါ်မှုနှင့် အခက်အခဲ များတွေ့ရပါ သည်။

**သုံးသပ်ချက်နှင့်နိဂုံး**

၃၃။ ယခုအခါ EU နိုင်ငံများသို့ Beans Sprouting အတွက် မြန်မာပဲများတင်ပို့ရာတွင် EU နိုင်ငံမှ သတ်မှတ်ချက်စံချိန် စံညွှန်းအရည်အသွေးများ ကိုက်ညီစေရေးနှင့် သီးနှံအရည်အသွေးမြင့်မားရေး တို့အတွက် GAP စနစ်ဖြင့်စိုက်ပျိုးရန်၊ တောင်သူများအား GAP/GHPနှင့် ပိုးသတ်ဆေးသုံးစွဲမှု ဆိုင်ရာနည်းပညာပေးသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ EU နိုင်ငံများသို့ ပဲတီစိမ်း ဈေးကွက်ပိုမိုရရှိရေးနှင့် တောင်သူများဈေးကောင်းရ၊ ဝင်ငွေတိုးလာစေရန် GAP/ GHP နည်းစဉ် များအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာန တို့ပူးပေါင်း၍ တောင်သူများ အား သင်တန်းများစွာ ပို့ချပေးလျက်ရှိပါသည်။

၃၄။ မြန်မာ့ပဲတီစိမ်းအား ပိုမိုလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် အစဉ်အလာအတိုင်း တင်ပို့နေသည့် မူလထုတ်ကုန်များမှ တန်ဖိုးမြင့်ပို့ကုန်များသို့ ပြောင်းလဲဖြစ်ပေါ်တိုးတက်ရေး အထူးဦးစား ပေးသင့်ပါသည်။ ပို့ကုန်ကဏ္ဍသည် ကျယ်ပြန့်သည့်အတွက် နိုင်ငံတော်၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် မီဒီယာများ အပြင် ပြည်သူများအားလုံး ပါဝင်သည့် ( Public Private Partnership-PPP) ပုံစံဖြင့်သာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃၅။ နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှု ကဏ္ဍ သည် ဦးဆောင်ကဏ္ဍဖြစ်သည့်အပြင် တိုးတက်မှုအတွက် အဓိကမောင်းနှင်အားလည်းဖြစ်သည်။ ပို့ကုန်နှင့်ဆက်စပ်နေသော လုပ်ငန်း များ သိသာစွာတိုးတက်စေရန် လက်တွေ့ကျသည့် တွန်းအားပေးမှုများ၊ ဆွဲဆောင်မှုများပါဝင်သည့် ဥပဒေများ၊ အဖွဲ့အစည်းများ ပြန်လည်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း၊ တည်ထောင်ခြင်းများ ပြုလုပ်ရန် လိုပါသည်။ ထို့ပြင် ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့တို့ ချိတ်ဆက်၍ စိုက်ပျိုးထုတ်လုပ် နည်းပညာကဏ္ဍ၊ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်သည့် နည်းပညာများကိုဖြန့်ဝေခြင်း၊ ပြည်ပတင်ပို့ရာတွင် ကူညီဆောင်ရွက်မှုများကို တစ်ဦးချင်းထိတွေ့ကူညီခြင်း၊ ပြည်ပကုန်စည် ပြပွဲများနှင့် ပြိုင်ပွဲများတွင် ပါဝင်နိုင်စေရန် ကူညီပေးခြင်း၊ စီးပွားရေးသံမှူးများမှ ပဲတီစိမ်းနှင့်

ပတ်သက်သည့် တင်သွင်းမှုဆိုင်ရာ Criteria များကို စုစည်းဖြန့်ဝေပေးခြင်း၊ သတင်းအချက်အလက်များဖြန့်ဝေအသိပေးခြင်းစသည်တို့အား ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။